
Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org

Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.com

# ၄.၀၂ ရှင်ဘုရင်ရွေးချယ်ခြင်း 4.02

## ဓမရာဇဝင်ပဌမစောင် ၈ - ၁၀

လွန်ခဲ့သောအချိန်က ဣသရေလမြေမှာ ဣသရေလလူမျိုးတွေကိုအုပ်ချုပ်တဲ့ တရားသူကြီးများရှိတယ်။ရှမွေလသည် ကောင်းသောတရားသူကြီးများထဲမှ တစ်ယောက်ဖြစ်တယ်။သူက ဘုရားသခင်ကိုချစ်ပြီး ဘုရားသခင်ကိုလည်းနာခံသောသူဖြစ်တယ်။ရှမွေလသည် ဣသရေလလူမျိုးများ၏ ရန်သူကို တိုက်ခိုက်လိုက်ပြီး နိုင်ငံမှာ ငြိမ်းချမ်းခြင်းရအောင်လုပ်ဆောင်ပေးခဲ့တယ်။ရှမွေလအသက်အရွယ်ကြီးလာတဲ့အခါ သူ့သားကြီးများသည် တရားသူကြီးများဖြစ်လာတယ်။ဒါပေမယ့် သူတို့သည် ငွေကိုသာမက်မောကြတယ်။သူတို့သည် ကောင်းတဲ့တရားသူကြီးတွေမဟုတ်ဘူး။အဲဒါကြောင့် ဣသရေလခေါင်းဆောင်တွေက ဆွေးနွေးတိုင်ပင်ကြပြီး တရားသူကြီးတွေမလိုချင်တော့ဘူးလို့ဆုံးဖြတ်ခဲ့ကြတယ်။တရားသူကြီးများအစား ရှင်ဘုရင်ပဲပေးပါဟု ရှမွေလကို တောင်းဆိုကြတယ်။ ရှမွေလက ဘုရားသခင်ကို အကြောင်းစုံ ပြန်လျှောက်လေ၏။ဘုရားသခင်က ''သူတို့သည်သင့်ကိုသာမပယ်၊ငါသည်သူတို့ကို မအုပ်စိုးစေခြင်းငှာငါ့ကိုလည်းပယ်ကြပြီ။သူတို့လိုချင်တာကိုပေးပါ။ဒါပေမယ့် ရှင်ဘုရင်အုပ်ချုပ်မယ့်ပုံစံကိုလည်း သူတို့ကိုသတိပေးပါ ''ဟုပြော၏။

ရှမွေလသည် လူများထံသို့ပြန်သွားပြီး ရှင်ဘုရင်အုပ်ချုပ်မယ့်ပုံစံကိုလည်း ပြောပြလေသည်။ ''ရှင်ဘုရင်သည် သင်တို့သားများကို ယူ၍ အချို့တို့ကို စစ်တပ်အတွက် စစ်သားလုပ်ခိုင်းမယ်၊အချို့တို့ကို လယ်ဥ္စခိုင်းမယ်၊သင်တို့သမီးပျိုတို့ကို သူ့အတွက် ထမင်းဟင်းချက်ခိုင်းမယ်၊သင်တို့ရဲ့အကောင်းဆုံးဂျုံ ဆန်ပါး နဲ့ အကောင်းဆုံး တိရိစ္ဆာန်တွေကို ယူလိမ့်မယ်။သင်တို့သည် သူ၏ ကျွန်များဖြစ်လိမ့်မယ်။ အဲဒီအခါ သင်တို့သည် ဘုရားသခင်ကို အော်ဟစ်အကူအညီတောင်းပေမယ့် ဘုရားသခင်သည် နားထောင်မည်မဟုတ်''ဟုပြောပြလေ၏။

လူများတို့သည်နားမထောင်ပါ။''ကျွနိုပ်တို့ ရှင်ဘုရင်ကိုလိုချင်တယ်''ဟုပြောကြ၏။''ကျွန်ုပ်တို့သည် တပါးအမျိုးသားများလို ရှင်ဘုရင်လိုချင်တယ်''ဟုပြောကြ၏။ ရှမွေလသည် သူတို့ပြောတဲ့အတိုင်း ဘုရားသခင်ကို ပြောပြလေ၏။ဘုရားသခင်က''သူတို့လိုချင်တဲ့ဘုရင်ပေးလိုက်ပါ'' ဟုပြန်ပြောလေ၏။

ဣသရေလမြေမှာ ကိရှလို့ခေါ်တဲ့ လူတစ်ယောက်ရှိတယ်။ ကိရှရဲ့မြည်းများသည် ပျောက်သောကြောင့် သူ၏သားရှောလုကို မြည်းများရှာဖို့ရန်သွားခိုင်းလေ၏။ ငယ်သားတစ်ယောက်လည်း ရှောလုနှင့်အတူ သွား၏။ရှောလုနှင့် သူ၏ငယ်သားတို့သည် နေရာအနှံ့လျှောက်သွားပြီးရှာလည်း မြည်းများကိုမတွေ့ပါ။ ထိုအခါရှောလုငယ်သားက ''ဒီမြို့မှာ ဘုရားသခင်၏ လူ ပရောဖက်တစ်ယောက်ရှိတယ်၊သူက ငါတို့ ဘယ်မှာမြည်းရှာရမလဲဆိုတာ ပြေပြနိုင်မယ်''ဟုပြောလေ၏။ ရှောလုနှင့် သူ၏ငယ်သားတို့သည်မြို့ထဲသို့ဝင်လေ၏။ သူတို့မြို့ထဲရောက်သောအခါ ရှောလုကို ဘုရားသခင်က''ထိုသူပဲ၊ထိုသူကို ဘိသိပ်ပေးပြီး ငါ၏လူတို့ကို အုပ်ချုပ်စေပါ''ဟုပြောလေ၏။

ရှောလုသည် ရှမွေလထံသွားပြီး ''ပရောဖက် ဘယ်မှာနေလဲ''ဟုမေးလေသော် ''ရှမွေလက''ပရောဖက်က ငါပဲ၊ဒီနေ့ငါနဲ့အတူ လာစားပါ၊မြည်းအတွက် မစိုးရိမ်နဲ့၊မြည်းတွေကို တွေ့ပြီ''လို့ပြောလေ၏။

နောက်တနေ့တွင် ရှမွေလက ငယ်သားကို အရင်ပြန်ခိုင်းပြီး ရှောလုကိုစကားပြောလေ၏။ ရှမွေလက'' ငါ့ဆီမှာ သင့်ကိုပြောပြဖို့ ဘုရားသခင်ရဲ့ ပရောဖက်ပြုချက်ရှိတယ်၊သင်ဒီကနေအိမ်ကို ပြန်တဲ့လမ်းမှာ ပရောဖက်များက တူရိယာများတီးခတ်ပြီး ပရောဖက်များပြုလိမ့်မယ်၊ဘုရားသခင်ရဲ့ဝိညာဉ်တော် သင့်အပေါ်မှာ ဆင်းကြွလာပြီးသင်လည်းပရောဖက်ပြုလိမ့်မယ်၊သင်သည် ထူးခြားသောသူဖြစ်လိမ့်မယ်၊ဘုရားသခင်က သင်နဲ့အတူရှိမည်''ဟုပြောလေ၏။

ခဏကြာတဲ့အခါရှမွေလသည်ဣသရေလလူများကိုခေါ် ပြီးဘုရားသခင်ပြောတဲ့အရာများကိုပြောလေ၏။ဘုရားသခင်ပြောသည်မှာ''ငါသည် သင်တို့ကို အဲဂုတ္တုပြည်မှ ဆောင်ခဲ့၏၊သာမက သင်တို့ကို တိုက်ခိုက်သော မင်းအပေါင်းတို့ ထံမှလည်းကယ်နုတ်ခဲ့၏၊ဒါပေမယ့် သင်တို့သည် ယခုငါ့ကို ပယ်ကြပြီး ဘုရင်လိုချင်ကြ၏။ယခုမိသားစုအသီးသီးကိုခေါ်ပါ။ငါပြောစရာရှိတယ်''။

ထို့နောက်ရှောလုကိုခေါ်ထုတ်လာသောအခါ ရှောလုလောက် အရပ်ရှည်သောသူ ဣသရေလလူမျိုးတွင် တစ်ယောက်မှမရှိ။''ယခုဘုရားသခင်ရွေးချယ်သော သူကိုကြည့်ပါ၊သူ့လိုလူမျိုး ဣသရေလလူမျိုးတွင် မရှိပါ။''လူများတို့ကလည်း''ရှင်ဘုရင် အသက်ရှည်ပါစေ''ဟုအော်ပြောကြလေသည်။

ဒီလိုနဲ့ ရှောလုက ဘုရင်ဖြစ်လာခြင်းဖြစ်တယ်။

# ၄.၀၂ ရှင်ဘုရင်ရွေးချယ်ခြင်း - ဆရာလမ်းညွှန် 4.02

Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.com

## ဓမရာဇဝင်ပဌမစောင် ၈ - ၁၀

## အဓိကအချက်များ

၁)နှစ်ပေါင်းများစွာ ဣသရေလလူများကို တရားသူကြီးများဖြင့် အုပ်ချုပ်ခဲ့သည်။ ရှမွေလသည် ကောင်းသောတရားသူကြီးဖြစ်သော်လည် အသက်အရွယ်ရလာလေသည်။သူ၏သားများက ကောင်းသောတရားသူကြီးများ မဟုတ်ကြပါ။ တပါးတိုင်းလူမျိုးတွေအတိုင်း ဣသရေလလူများသည် ရှင်ဘုရင်ကိုလိုချင်ကြသည်။

၂) ရှမွေလက ဘုရားသခင်ကို ဣသရေလလူမျိုးတွေ ရှင်ဘုရင်လိုချင်ကြောင်းပြန်ပြောပြသည်။ဘုရားသခင်က သူတို့ကို ရှင်ဘုရင်အုပ်ချုပ်မည့် ပုံစံကိုပြောပြသတိပေးသည်။

၃)ရှမွေလက ရှင်ဘုရင်သည် သူတို့သားသမီးများကို ဘယ်လိုအလုပ်တွေလုပ်ခိုင်းမယ်၊သူတို့ရဲ့အကောင်းဆုံးသော ဂျုံဆန်ပါးနဲ့ တိရိစ္ဆာန်များကို ဘုရင်ကိုပေးရမည့်အကြောင်း နဲ့ရှင်ဘုရင်က သူတို့ကို ကျွန်ဖြစ်စေမည့်အကြောင်းကို ပြောပြသော်လည်း သူတို့သည် ဘုရင်ကိုလိုချင်ကြသေး၏။

၄)ဘုရားသခင်က ရှမွေလကို ရှောလုအကြောင်းပြောပြသည်။ ရှမွေလသည် ရှောလုကိုတွေ့သောအခါ ရှောလုသည်ဘုရားသခင်ပြောသောသူ ဖြစ်တယ်ဆိုတာသူသိတယ်။ ရှမွေလက ရှောလုကို ဘုရားသခင်က သင်နဲ့အတူရှိမယ်လို့ပြောတယ်။

၅) ဣသရေလလူများသည် အတူအကွစုရုံးကြသည်။ ရှောလုကို သူတို့ရှေ့ထုတ်ပြကြတယ်။သူတို့က ငိုကြွေးပြီး'' ရှင်ဘုရင် အသက်ရှည်ပါစေ''ဟုပြောကြသည်။

## မေးခွန်းများ

၁) ဣသရေလလူမျိုးများသည်ဘာကြောင့် ရှင်ဘုရင်လိုချင်ကြလဲ?

၂) ဘုရားသခင်က ရှမွေလကို ဘာပြောလဲ?

၃) ဘုရားသခင်က ဘာတွေသတိပေးသေးလဲ?

၄) ရှမွေလက ရှောလုဘယ်သူလဲဆိုတာ ဘယ်လိုသိလဲ?

၅) ဣသရေလလူမျိုးများသည် ရှောလုကိုတွေ့တဲ့အခါ ဘာပြောလဲ?

## အဖြေများ

၁) ဣသရေလလူမျိုးများသည် တပါးအမျိုးသားများကဲ့သို့ဖြစ်ချင်တာကြောင့် ရှင်ဘုရင်လိုချင်ကြသည်

၂) ဘုရားသခင်က ရှမွေလကို ဣသရေလလူများကို ရှင်ဘုရင်အုပ်ချုပ်မည့် ပုံစံကိုသတိပေးပြောပြခိုင်းသည်

၃) ဘုရင်က သူတို့ရဲ့အကောင်းဆုံး ဂျုံဆန်ပါး နှင့် တိရိစ္ဆာန်များ ကိုယူမည်။ပြီးတော့ သူတို့သားသမီးများကိုလည်း ဘာအလုပ်တွေလုပ်ခိုင်းမယ်ဆိုတာလည်းပြောပြသည်။သူတို့ကို ဘုရင်က ကျွန်ဖြစ်စေမယ်ဆိုတာလည်းပြေပြသည်။

၄)ဘုရားသခင်က ရှောလုဘယ်သူဆိုတာ ရှမွေလကိုပြောပြသည်။

၅)ဣသရေလလူမျိုးများက ''ဘုရားသခင်အသက်ရှည်ပါစေ''ဟု ရှမွေလကိုတွေ့တဲ့အခါ ပြောကြသည်။



Kids of Destiny®
Reaching the Next Generation

www.kidsofdestiny.org